

# မေတ္တာ နှောင်ကြိုး

ကျမတို့ အိမ်ထောင်သက်တမ်း သုံးနှစ်ကျော် လေးနှစ်နည်းပါးမှာ သူအိမ်ကပျောက်သွားတယ်။ တခါတုံးက သူကို နိုင်ငံရေးလုပ်လို့ လာဖမ်းကြတော့ ကျမ ရှိနေတယ်။ သူ့ကို လာဖမ်းကြစဉ်က ကျမတို့ အိမ်ထောင်သက် တနှစ်ခွဲဘဲ ရှိသေးတယ်။ ခဏဆိုပြီး ခေါ်သွားလိုက်တာ တနှစ်ကျော်မှ အိမ်ပြန် ရောက်လာတယ်။ ၉၀ ရွေးကောက်ပွဲပြီးတော့ တခါ ပြေးရ ပုန်းရ ပြန်တယ်။ ကျမ နောက်ဆုံး သူ့ကို တွေ့လိုက်ရတာက ဂန္ဒီအစည်းအဝေး မတိုင်ခင် တရက်က ဖြစ်ပါတယ်။

အခုလည်း ကျမ ကွယ်ရာမှာ အဖမ်းများ ခံရပြန်ပြီလား၊ ရဲစခန်း သွားမေးတော့လည်း မရှိ၊ ထောင်ထဲလည်း မရောက်၊ ဆေးရုံမှာလည်း မတွေ့၊ ကျမ ခေါင်းတွေ ဝေသွားတယ်။ နောက် နှစ်လ၊ သုံးလလောက်ကြာမှ သူတယောက် ကျောင်းသားတပ်မတော်ကို ရောက်နေတာ သိရတယ်။ ဘယ်နေရာ ဘယ်ဒေသ မှန်းလည်းမသိ၊ သူရှိနေတာကို သိရတော့ ကျမ အတွက် စိတ်အနည်းငယ် သက်သာ သွားတယ်။ ဒါပေမယ့် "ဘယ်အချိန်များ ငါ့လာပြီး စစ်ဆေး မေးမြန်းမလည်း" အတွေးစိတ်နဲ့ မွန္တလေးက အမေ့အိမ်ပြန်ခဲ့ရတယ်။

သောကတွေ ပွေ့ပိုက်ထားတဲ့ ကျမ ည ညဆို အိပ်လို့ မရ၊ ခွေးဟောင်သံကြားတိုင်း ထ ထကြည့်ရ၊ ငါ့များ  လာဖမ်း သလားပေါ့။ ဒီကြားထဲ သူ့အတွက် စိတ်ပူရ၊ သူ့အဖေက သူ့သားအတွက် ဂုဏ်ယူ မဆုံးပေါ့။ ၂ နှစ်လောက်ကြာတော့ သူတိုက်ပွဲမှာ ဒဏ်ရာရတယ် ကြားတယ်။ ကျမ နလုံးသား ပြုတ်ထွက် မတတ် တုံခါသွားတယ်။"ဒီတသက် သူနဲ့ ပြန်ဆုံနိုင်ပါဦးမလား"

မှတ်မှတ်ရရ ကျမ အဲဒီနေ့က ပျော်ကလည်းပျော်၊ ကြောက်ကလည်းကြောက်၊ ငါး နှစ်လောက်ကြာမှ သူ့ဆီက ကျမအတွက် စာတစောင် ရောက်လာတယ်။ သူ့စာလေးကို ကိုင်ထားတဲ့ ကျမ လက်ဖျားတွေများဆို အေးလို့၊ လူကွယ်ရာမှာ စာကို ဖေါက်ဖတ်လိုက်တော့ နေကောင်း ကျမ္မာကြောင်း စာတိုလေးနဲ့ ကဗျာတပုဒ် ...

"ခွင့်လွှတ်လိုက်ပြီ မခင်သီ"

နှစ်နှစ်ကာ  
ပြစ်ခွါရက်ပါဘု  
မောင့်မေတ္တာ  
မေ့ရင်မှာ စစေ  
လွမ်းမျက်ရည် သုတ်လိုက်ပေတော့  
(ရှင်မရေ ...)  
ဘဝသစ် သာထု။ ။

ပါးပြင်ပေါ်က စီးဆင်းဖြတ်သန်းသွားတဲ့ မျက်ရည်တွေက ကျမ နလုံးအိမ်တွင်းသို့ စီးဆင်းဝင်ရောက်သွားတယ်။ ကျမ သူနဲ့ တွေ့ချင်သည်၊ မေးချင်သည်၊ သူ ဘာကြောင့်များ ဒီလို ရေးလိုက်ရသနည်း၊ ကျမရဲ့ သစ္စာတရားကို သူ မယုံကြည်၍ မဖြစ်နိုင်ပါ။ သူ့မှာ ကျမကို မသိစေ ချင်သော အကြောင်းတခု ရှိနေမယ်လို့ ကျမ ထင်မိတယ်။ "သူ သစ္စာ မမဲ့တန်ကောင်းပါရဲ့"

မျှော်တွေးရခြင်း ဒုက္ခတွေနဲ့ ကျမကို ဘယ်သူမှ စာနာနားလည်းပေးနိုင်မည် မဟုတ်ပါ။ သူ့စာရတာ သုံးနှစ်တောင် ကျော်ခဲ့ပြီ၊ သူ့ဆီက နောက်ထပ် ဘာအကြောင်းမှ မကြားရ။ ကျမ ညစာ စားရန် ပြင်ဆင်နေချိန် ဖုန်းခေါ်သံကြားလို့ သွားကိုင်လိုက်တယ်။ ဒီနေ့ဟာ ကျမအတွက် သူ့အသံကို ရှစ်နှစ်အတွင်းမှာ ပထမဦးဆုံးအကြိမ် ပြန် ကြားလိုက်ရတယ်။ ကျမ ဝမ်းသာရ မလို ဝမ်းနည်းရ မလို ရင်ထဲ တမျိုးကြီး ဖြစ်သွားတယ်။ စိတ်မချမ်းသာစရာတခုက သူ့ဘဝ တဆစ်ချိုး ပြောင်းလွဲသွားခဲ့တယ်။ ဒီလိုနဲ့ ကျမ သူနဲ့ တလ တခါ နှစ်လ တခါ ဖုန်းပြော ဖြစ်ကြတယ်။

ကျမ သူ့အပေါ် သစ္စာရှိသလို သူကလည်း ကျမအပေါ် မေတ္တာမဖျက်ခဲ့ဘူး။ သူ ဘယ်ဘဝမျိုး ရောက်နေ ရောက်နေ ကျမဟာ သူ့ရဲ့ ဇနီးမယား တယောက်အနေနဲ့ တာဝန်ကျေဖို့ လိုတယ် မဟုတ်လား။ ကျမ မျှော်လင့်ခဲ့သလို သူနဲ့ ပြန်ဆုံတွေ့ခွင့် ရခဲ့ပါတယ်။ ပြန်လည် ဆုံတွေ့ချိန်ဟာ ကျမတို့ ခွဲခွါခဲ့တာ ၁၆ နှစ် ကြာခဲ့ပါပြီ။

သစ္စာမဖျက်၊ မေတ္တာဆက်က ဝေးကွာသူတိုင်း ပြန်လည်ဆုံတွေ့ နိုင်ကြပါစေ။

ငြိမ်းစု Feb. 7, 08 7:37:09 AM